
## ပြစ်ဒဏ်သက်သာခွင့် % ...

- လာရောက်တိုင်ကြားသည့်အချိန်၊ တင်ပြသည့် အထောက်အထား စုံလင်မှု၊ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်မှုတို့အပေါ် မူတည်၍ သက်ညှာခွင့်အဆင့် ကွာခြားနိုင်သည်။




ပိုမိုသိရှိလိုပါက -
ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲ

067 408505
067 408506
myanmarcca@gmail.com
Myanmar Competition

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

# ယှဉ်ပြိုင်မှုဆိုင်ရာ သိကောင်းစရာများ



## အပြစ်ပေး အရေးယူခြင်းနှင့် သက်ညှာခွင့်( Leniency)...

ယှဉ်ပြိုင်မှု ဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်ပါက -

ငွေဒဏ်

အနိမ့်ဆုံး ကျပ် (၁) သိန်းမှ အမြင့်ဆုံး သိန်း (၁၅၀) အထိ ဖြစ်စေ၊

ထောင်ဒဏ်

အနည်းဆုံး (၃) လမှ အများဆုံး (၃) နှစ်အထိ ဖြစ်စေ၊

ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ယှဉ်ပြိုင်မှုဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်မှုများအတွက် -

(က) သတိပေးခြင်း

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ (သို့မဟုတ်) အမြဲတမ်း ပိတ်သိမ်းခြင်း ခံရမည်။

## ယှဉ်ပြိုင်မှုဥပဒေအရ သက်ညှာခွင့် ဆိုသည်မှာ အဘယ့်နည်း...

- မတရားပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ခဲ့သူတစ်ဦးသည် မိမိပါဝင်ခဲ့ကြောင်း ကော်မရှင်တွင် သတင်းပေးလာပါက ပြစ်ဒဏ်များမှ ကင်းလွတ် သက်သာခွင့်ကို ခံစားခွင့် ရရှိနိုင်ပါသည်။




## မည်သည့်အချိန်တွင် သက်ညှာခွင့် ရရှိနိုင်သနည်း...

- ထုတ်ဖော်သတင်းပေးသူ တစ်ဦးဦးသည် လာရောက် ပူးပေါင်းဆောင်ရွက်သည့်အချိန်နှင့် ပူးပေါင်းပါဝင်မှု အနေအထားပေါ် မူတည်၍ ကွဲပြားခြားနားသော သက်ညှာခွင့် ခံစားနိုင်သည်။




## သက်ညှာခွင့်ခံစားရန် မည်သည့်အချက်များ လိုအပ်သနည်း...

- လိုအပ်သောသတင်းအချက်အလက်များ၊ အထောက် အထားများ၊ လိုအပ်သော ပူးပေါင်းပါဝင် ဆောင်ရွက်မှု

